


# ဆရာညံ့ရင်
# တရားထူးမရနိုင်

(ဓနဉ္စာနီ ပုဏ္ဏားကြီး)

(၂၇-၄-၁၉၆၂)

၁၀၇

ကျေးဇူးတော်ရှင် မဟာထေရ်
အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာ(၄)ပါးတရားတော် အမှတ်စဉ်(၂၃) မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားတော်မူသော တရားတော်

# ဆရာညံ့ရင်
# တရားထူးမရနိုင်
## (နေ့ဆွမ်းခံ ပူဇော်ဘုရားကြီး)

(၂၇-၄-၆၂)

အားလုံး တရားနာလာကြတဲ့ ဒကာ ဒကာမတွေ သတိပေးလိုက်တယ်၊ တရားကို ဘုန်းကြီးက အားထုတ်ဖို့ အစီအစဉ်တွေပေးပြီးသားဖြစ်နေတယ်၊ အဲဒီ ပေးပြီးသား အစီအစဉ်တွေမှာ အားထုတ်ကြတယ်၊ အားထုတ်ကြတဲ့ အခါ ကျလို့ရှိရင်ဖြင့် နိဗ္ဗာန်မဂ်ဖိုလ်ကို တပည့်တော်တို့ ယခု မျက်မှောက်မပြုနိုင်ဘူးဘုရား...တဲ့၊ တချို့ ဒကာ ဒကာမ လဲ ရှိကြလိမ့်မယ် နော်...။ (မှန်ပါ)၊ တချို့လဲ ပြုနိုင်ကြလိမ့် မယ်။

မပြုနိုင်တာ ဘာဖြစ်လို့တုံးလို့ ကိုညွှန့်တို့၊ မောင်နိုင်တို့က မေးလို့ရှိရင် ကိုယ့်ချို့ယွင်းချက် သုံးခုရှိလို့လို့ မှတ်ရမယ်…။ (မှန်ပါ)။

**ကိုယ့်ချို့ယွင်းချက်–၁**

ကိုယ့်ချို့ယွင်းချက် သုံးခုဆိုတာက တခြားမဟုတ်ပါဘူး၊ ၁–နံပါတ်တရားကို သစ္စာဆိုက်အောင်၊ အဆုံးကျအောင် မနာလို့လဲ ခင်ဗျားတို့ မဂ်ဉာဏ်၊ဖိုလ်ဉာဏ် မရနိုင်နိုင်ဘူး…။ (မှန်ပါဘုရား)။

သစ္စာဆိုက်အောင် တရားဟောတဲ့ပုဂ္ဂိုလ်ကလဲ ဟိုသစ္စာကျတော့ ဆုံးထား၊ အဲဒီအဆုံးကျအောင် သူက မနာဘူး၊ နှလုံးမသွင်းလိုက်တော့ဘူး၊ အစဘက်က အလယ်က တရားတွေသာ နာလို့ တရားအဆုံး မနာလိုက်ရလို့ ကိစ္စရှိလို့ ထွက်သွားသွား၊ ဒီနေရာမှာပဲ စိတ်က တခြားထွက်ပြေးလို့ဖြစ်စေ၊ ဒီလို အင်္ဂါချို့ရင်လဲ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် မရနိုင်ဘူး၊ ရှင်းပလား…။ (ရှင်းပါပြီဘုရား)။

တရားအစ, အလယ်, အဆုံးသုံးပါးရှိရာတွင် အစ, အလယ်တွင် နာရတယ်ဆိုပါတော့၊ အဆုံးသစ္စာက တရားကို သစ္စာက အဆုံးဆိုတာနော်…။ (မှန်ပါ)။

အဲဒီ အဆုံးသစ္စာတရား မနာရလို့ရှိရင်လဲ ကိုပေါ်ရေ…ဒါဟာ ဆုတ်ယုတ်ခြင်းပဲ၊ ပြည့်စုံပြီးသား ပါရမီရှိတာ

တောင် မရနိုင်ဘူးတဲ့...။ (မှန်ပါ့ဘုရား)၊ ၁–နံပါတ်ပြီးသွားပြီ...။ (မှန်လှပါဘုရား)။

## ချို့ယွင်းချက်–၂

၂–နံပါတ်က တရားနာရင်းမတ္တဖြစ်စေ၊ မကောင်းသော စိတ်တွေနဲ့ဝင်ပြီးသကာလ ပေါင်းဖော်မိနေလို့ရှိရင်လဲ တရားက ဝင့်မှကျွတ်ကြောင်း ဟောနေတယ်၊ ကိုယ်က ဝင့်သာယာနေတယ်ဆိုပါတော့ ပါပမိတ္တဆိုတဲ့ မကောင်းသော စိတ်တွေက ဧင်မလာဘူးလား...။ (ဝင်လာပါတယ်ဘုရား)။

ဘုံဘဝလိုချင်တဲ့ စိတ်တွေပေါ့လေ...။ (မှန်ပါ့ဘုရား)၊ အဲဒီ လိုချင်တဲ့ စိတ်တွေ ဝင်လာပြန်လို့ရှိရင်လဲ ပါပမိတ္တနဲ့ ပေါင်းသောကြောင့် ပါပက မကောင်းတာ၊ မိတ္တက အဆွေခင်ပွန်း၊ မကောင်းတဲ့ တရားနဲ့ ပေါင်းမိခြင်းကြောင့်လဲ မဂ်ဖိုလ်ရထိုက်တဲ့ ပါရမီတရားအဆုံးမှာ ရှိငြားသော်လဲ မရနိုင်ဘူး...။ (မှန်ပါ့ဘုရား)။

## ချို့ယွင်းချက်–၃

ဘယ်နှစ်ချက်ရှိသွားပလဲ...။ (နှစ်ချက်ရှိသွားပါပြီဘုရား)၊ ၃–ချက်မြောက် ပြောပါဦးမယ်တဲ့၊ ၃–ချက်မြောက်က တရားဟောတဲ့ပုဂ္ဂိုလ် ညွှန်ဖျင်းမှုကြောင့်လဲ ဒကာ ဒကာမ မတွေမှာ ပါရမီပြည့်စုံပြီးသား၊ တရားဟောတဲ့ပုဂ္ဂိုလ် ညွှန်ဖျင်းမှု

ကြောင့်လဲ မဂ်ဉာဏ်,ဖိုလ်ဉာဏ် မရနိုင်ဘူး၊ တရားဟောတဲ့ ပုဂ္ဂိုလ် ညံ့ဖျင်းလို့...(မှန်ပါ)။

ဘယ်နှစ်ချက်ရှိသွားပလဲ...(သုံးချက်ပါဘုရား)၊ ဒါ သေသေချာချာ မှတ်ရမယ်၊ ဩော်...တို့မှာ တရားအားထုတ် နိဗ္ဗာန်ရတယ်၊ တရားနာရင် နိဗ္ဗာန်ရတယ်လို့ အောက်မေ့နေ လိုက်တာ၊ ယခု ဆရာဘုန်းကြီးက ဝေဖန်လာတော့ သုံးချက် တောင်ပါပဲကလား၊ ချို့ယွင်းချက်ရှိတာတွေ...။ (မှန်ပါ)။

(၁) နံပါတ်က သစ္စာထိုက်တဲ့ တရား၊ မနာမိလို့ ချို့ယွင်းချက်တစ်မျိုးနော်...။ (မှန်ပါ)။

(၂) နံပါတ်က တရားနာရင်းမတ္တနဲ့ မကောင်းတဲ့ စိတ်, ဘုံဘဝလိုချင်တဲ့ စိတ်တွေဝင်လာလို့လဲ မဂ်ဉာဏ်, ဖိုလ်ဉာဏ် မရခြင်းတစ်မျိုး...။ (မှန်ပါ)၊ ပါဖမိတ္တတာ...။ (မှန်ပါ)၊ ဦးအောင် ဇံဝေ၊ ဦးဘသန်း နားလည်ရဲ့မဟုတ်လား...။ (မှန်လှပါဘုရား)။

(၃) နံပါတ်က တရားဟောဘုန်းကြီးက လူချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာတွေ လှည့်ဟော နေတာနဲ့ နိဗ္ဗာန်ရောက်ကြောင်း မပါတာနဲ့ တရားဟောဘုန်းကြီး ညံ့သွားတာနဲ့လဲ ပါရမီ ပြည့်ပြီးသားပုဂ္ဂိုလ်တွေတောင် နိဗ္ဗာန်မရဘူး...။ (မှန်ပါ)။

၃–နံပါတ်က ဘာပါလိမ့်...။ (တရားဟောပုဂ္ဂိုလ် ညံ့လို့ပါ)၊ ညံ့ဖျင်းလို့၊ တရားဟောပုဂ္ဂိုလ် ညံ့ဖျင်းတာနဲ့လဲ မရဘူးဆိုတာ သဘောကျပလား...။ (ကျပါပြီဘုရား)။

ဒီသုံးချက်သည် ဒကာ ဒကာမတို့က ပါရမီပြည့်စုံပြီးသား၊ ကိုယ့်ဘက်က နှစ်ချက်၊ ဆရာ့ဘက်ကတစ်ချက်... (မှန်ပါ့ဘုရား)။

ဦးဘကလေး ကိုယ့်ဘက်က ဘယ်နှစ်ချက်ပါလိမ့်...။ (နှစ်ချက်ပါဘုရား)၊ ဆရာ့ဘက်က...(တစ်ချက်ပါဘုရား)။

အဲဒီကဲ့သို့ ချို့ယွင်းချက်ရှိနေလို့ရှိရင်လဲ မရနိုင်ဘူး ဆိုတာ မောင်နိုင်တို့ မှတ်ရလိမ့်မယ်...။ (မှန်ပါ့)၊ ဒကာကြီး လှိုင် မှတ်မိရဲ့လား...။ (မှတ်မိပါတယ်ဘုရား)။

အဲဒါ ကိုယ့်ဘက်ကလဲ မချို့ယွင်းစေနဲ့ နှစ်ချက်က...(မှန်ပါ့)၊ ဆရာ့ဘက်ကလဲ ယခုစ,ပြီး တရားဟောပါတော့မယ်၊ မချို့ယွင်းရအောင်ပဲ ဟောမှာပဲနော်...။ (မှန်ပါ့ဘုရား)။

ကိုင်း...ဒါဖြင့် ချို့ယွင်းတဲ့အသွားကလေးကို ပြောကြပါစို့၊ ၃–နံပါတ်ပဲ ဟောပါမယ်၊ ၁–နဲ့ ၂–က ဒကာ ဒကာမတွေ နားလည်ပြီးသား၊ အရင်လဲ ပြောပြီးသား ထားပါတော့ မောင်နိုင်ရာ နော်...။ (မှန်ပါ့ဘုရား)။

၃–နံပါတ်က ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတယ်၊

ရှင်သာရိပုတ္တရာက ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းမှာပဲ နေတယ်။

## ရှင်သာရိပုတ္တရာက ရာဇဂြိုဟ်ပြည်မှာနေတယ်

နေတော့ ရာဇဂြိုဟ်ပြည်ကို ရဟန်းကလေးတစ်ပါး ကြွလာတယ်၊ မြို့ထဲကနေပြီးကြွလာတော့ ရှင်သာရိပုတ္တရာက မေးတယ်၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာပဲနေတယ်ဆိုတာ သူ သိတော့ ရှင်သာရိပုတ္တရာက ရာဇဂြိုဟ်မှာနေတယ်နော်...။ (မှန်ပါ့ဘုရား)၊ ဘုရားက သာဝတ္ထိပြည်မှာနေတယ်။

အဲဒီမှာ ရဟန်းကလေးတစ်ပါး ကြွလာတော့ ဘုရားကောဟ...ကျန်းမာရဲ့လား၊ အားအင်ဗလပြည့်ဖြိုးရဲ့လား... လို့ မေးတယ်၊ ရှင်သာရိပုတ္တရာက...(မှန်ပါ့)။

အရှင်ဘုရားတဲ့...(ကျန်းမာပါတယ်)၊ အားအင်ဗလလဲ ပြည့်ဖြိုးပါတယ်တဲ့၊ သံဃာများကကောကွ...တဲ့ ကျန်းမာကြရဲ့လား၊ အားအင်ဗလပြည့်စုံကြရဲ့လားတဲ့၊ ပြည့်စုံပါတယ် ဘုရား)။

နို့ကွာ...ငါနဲ့မိတ်ဆွေ ဓနဉ္ဇာနိ ပုဏ္ဏားကြီးဆိုတာလဲ ရှိသေးသကွာတဲ့၊ အဲဒီ ဓနဉ္ဇာနိ ပုဏ္ဏားကြီးတော့ မမေ့လျော့တဲ့အလုပ်တွေလုပ်တာ မင်းတို့ မြင်ကြ၊ တွေ့ကြရဲ့

လား မေးတော့ အဲဒီရဟန်းကလေးက ဖြေလိုက်တယ်၊ ဓနဥ္စာနီပုဏ္ဏားကြီး ဘုရား...တဲ့၊ ဘာမှ မမေ့မလျော့တဲ့ အလုပ်တွေကို မလုပ်ပါဘူးတဲ့၊ သူဟာတဲ့ ရှင်ဘုရင့်ဆီမှာလဲ ရှင်ဘုရင်က မင်း လယ်တွေလျှောက်သိမ်းဆိုတဲ့ အခါမှာလဲ ပုဏ္ဏားတွေဆီမှာ, လယ်သမားတွေဆီမှာ သိမ်းတဲ့အခါမှာ လဲ အပိုတွေရအောင်သိမ်းတယ်၊ သိမ်းတဲ့ပစ္စည်းကိုလဲ သူ့ ကျိုထဲသာ များများသွင်းပြီး ရှင်ဘုရင်ကို နည်းနည်းပေးတယ်၊ ဒီလို မကောင်းတဲ့အလုပ်တွေကို လုပ်နေတယ်ဘုရား။

## ဓနဥ္စာနီ ပုဏ္ဏားကြီး

သိမ်းတာကလဲ သူများဆီက အများကြီးရအောင် သိမ်းဝယ်နော်၊ ရှင်ဘုရင့်ရိက္ခာတော်ဆိုပြီးတော့...(မှန်ပါ့)၊ ရှင်ဘုရင့်ဆီပေးတဲ့အခါကျတော့ အချို့တစ်ဝက်သာပေးတယ်၊ အချို့တစ်ဝက် သူ့ကျိုထဲထည့်တယ်၊ အဲဒါကြောင့် ဓနဥ္စာနီ ပုဏ္ဏားကြီးဟာ အဓမ္မရာဂ, ဝိသမလောဘတွေ, အဓမ္မစာရိ, ဝိသမစာရိ အလုပ်တွေ လုပ်နေတယ်ဘုရား၊ ဘယ် မမေ့ မလျော့ဘဲ ရှိမှာတုံး၊ ပြီးတော့လဲ သူ့မှာ အရင်ခင်ပွန်းမက သဒ္ဓါတရားနဲ့ပြည်စုံတဲ့ ခင်ပွန်းမက ပျက်စီးသွားတယ်၊ နောက်ခင်ပွန်းမနဲ့ တည်ထောင်တယ်၊ နောက်ခင်ပွန်းမကလဲ သဒ္ဓါတရားမရှိတဲ့ သူငယ်မ ဖြစ်နေတော့ သာပြီး မေ့လျော့ တယ်...။ (မှန်ပါ့)။

ရှင်သာရိပုတ္တရာက ကွာ...ကြားရတာ မကောင်းလိုက်တာတဲ့၊ သူနဲ့ သူငယ်ချင်းကို ဓနဉ္စာနိ ပုဏ္ဏားကြီးနဲ့...။ (မှန်ပါ့)။

## ရှင်သာရိပုတ္တရာ ဆွမ်းခံကြွတယ်

ငါ တစ်နေ့နေ့တော့ တွေ့စမ်းချင်သေးတယ်ကွာ... ဆိုပြီး သကာလ ဓနဉ္စာနိပုဏ္ဏားကြီး ရှိရာသို့ ဆွမ်းခံသွားလိုက်တယ်၊ သွားလိုက်တဲ့အခါ ဓနဉ္စာနိ ပုဏ္ဏားကြီးကလဲပြင်ဘက်မှာ နွားနို့ညှစ်နေတာတွေ့တယ်၊ တွေ့တော့ သူပဲ လာပြီးတော့ ဝတ်ချတယ်။

အရှင်ဘုရား ဆွမ်းဘုဉ်းပေးပြီးပလား၊ အခု နွားနို့ လတ်လတ်ဆတ်ဆတ်တွေ ဘုဉ်းပေးပါဦးလား၊ ဟာ...ငါ ဆွမ်းဘုဉ်းပေးခဲ့ပြီကွာ၊ မင်း နွားနို့တွေလဲ မဘုဉ်းပေးချင်ဘူး၊ နေ့လယ်တော့ ငါ ဘယ်သစ်ပင်မှာရှိမယ်ကွာ၊ အဲ...မင်း ခဏလာခဲ့ဦး၊ သူက တရားဟောချင်လို့ ခေါ်လိုက်တယ်...။ (မှန်ပါ့)။

ခေါ်လိုက်တော့ နေ့လယ်ကျတော့လာရော၊ ဓနဉ္စာနိ ပုဏ္ဏားကြီးက သူ မှာလိုက်တာနဲ့၊ မင်း အခု ဘယ့်နှယ် နေသတုံးကွ၊ သူတော်ကောင်းအလုပ်တွေများ၊ ရပ်နာမ်ဖြစ်ပျက်တွေ ရှုတာများ မေ့လျော့နေသလား...တဲ့။

## သူတော်ကောင်းအလုပ် မေ့လျော့နေသလား

ဟာ...ဘယ်မမေ့ဘဲရှိမလဲ ဘုရား၊ ရှင်ဘုရင့်ဖို့လဲ လုပ်နေရတယ်ဘုရား၊ တိုင်းသူပြည်သားတွေအတွက်လဲ လုပ်နေရတယ်ဘုရား၊ အိမ်က သားသမီးတွေဖို့လဲ မင်္ဂလာ အခမ်းအနားတွေ၊ ပုခက်တင်မင်္ဂလာတွေ၊ အိမ်ထောင်ပြု မင်္ဂလာတွေ၊ ဒီအတွက်ကလဲ အောက်ကျနောက်ကျရှိမှာစိုးလို့ ကြီးကြီးကျယ်ကျယ်လုပ်နေရတယ်ဘုရား၊ သေသူအတွက် ရည်မှန်းပြီး လုပ်ရတဲ့ကိစ္စတွေလဲ မနည်းလှဘူး၊ ဆွေမျိုး ဉာတကာတို့အတွက် လုပ်ရတဲ့ကိစ္စတွေလဲ မနည်းလှဘူး၊ သာမှု, နာမှုတွေအတွက် လုပ်ရတဲ့ ကိစ္စတွေလဲ မနည်းလှဘူး၊ သားသမီးတွေအတွက် လုပ်ရ,ကိုင်ရတာကလဲ မနည်းလှဘူး။

အဲဒီတော့ တပည့်တော် ဘယ်မှာ သူတော်ကောင်း အလုပ် မမေ့ဘဲနေမတုံး...တဲ့၊ မေ့မှာပဲလို့ သူက လျှောက် တယ်...။ (မှန်ပါ့)။

ဒကာ ဒကာမတွေ မေ့စရာအကြောင်း ဘယ်လောက် များသတုံး...။ (များပါတယ်ဘုရား)။

## အရေးကြီးတဲ့အလုပ် မေ့နေတယ်

သားသမီးတွေ ကြီးပွားချင်လို့လဲ အမေမိဘများ သူတော် ကောင်းအလုပ် မေ့ပါတယ်နော်...။ (မှန်ပါ့)၊ သာမှု, နာမှုတွေ လိုက်နေရလို့လဲ...(သူတော်ကောင်းအလုပ်တွေ

မေ့ပါတယ်)၊ ရုပ်နာမ်ဓမ္မ ဖြစ်ပျက်ရှုတဲ့အလုပ်ဟာ မေ့ပါတယ်...။ (မေ့ပါတယ်ဘုရား)၊ တကယ့်အရေးကြီးတဲ့ အလုပ်ကို မေ့မေ့ နေတယ်နော်...။ (မှန်ပါ့)။

အဲဒီလို မေ့ပြီးသကာလ နေပါတယ်ဆိုတော့ ရှင်သာရိပုတ္တရာကကွာ...မင်း ပြောတာတွေလဲ မကောင်းသဖြင့် ကြားရတာချည်းပဲ။

ဒကာကြီး လှိုင် မကောင်းသဖြင့် ကြားရတာချည်းပဲကွာတဲ့၊ ရှင်သာရိပုတ္တရာက...(မှန်ပါ့)၊ ဒါဖြင့် မင်းကို ငါ မေးပါဦးမယ်ကွာ ဆိုပြီး တရားဟောတယ်...။ (မှန်ပါ့)။

## မင်းအတွက် မင်းမေ့နေတယ်

ကဲကွာ...တဲ့၊ မင်းက ရှင်ဘုရင့်အတွက်နဲ့ပဲ ကိစ္စတွေများနေပြီး မင့်အလုပ် မင်းမေ့နေတယ်၊ သူတော်ကောင်းအလုပ် ရုပ်နာမ်ဖြစ်ပျက်တွေ ထွေးတဲ့ဥစ္စာ မင်း မေ့တယ်ထားပါတော့။

ဒါနဲ့ အခု ရှင်ဘုရင့်အတွက် လုပ်ရတော့ သူတစ်ပါးဆီ ခြိမ်းခြောက်ပြီးတော့ ယူရ၊ ကိုယ့်အတွက် လုပ်ရတဲ့အတွက်လဲ ကိုယ့်ကျိုးကြထဲလဲ များများရအောင်လုပ်ရ မင်းလုပ်ရတော့ကို...တဲ့၊ ဒါ...ရှင်ဘုရင့်အတွက် လုပ်ရတယ်ဆိုပြီးတော့ မင်းကတော့ ဆင်ခြေလဲတာပဲ...တဲ့။

## ဆင်ခြေလဲလို့မရ

သို့သော်...တဲ့၊ မင်းသည် ဒီမကောင်းသော အစမ္မ အလုပ်, ဝိသမအလုပ်တွေလုပ်တဲ့အတွက် ငရဲရောက်သွားတဲ့ အခါကျတော့ ကျုပ်ဟာ ရှင့်ဘုရင့်အတွက် လုပ်တာပါ၊ ကျုပ်ကို ငရဲထိန်း,ငရဲသားတွေ၊ လွှတ်ပါလို့ဆိုတော့ ရမလား တဲ့ မေးတယ်...။ (မှန်ပါ့)၊ ကဲ...ဦးဘကလေး ဖြေစမ်း ရပါ့မလား...။ (မရပါဘုရား)။

သူကိုယ်တိုင်ပဲ ဖြေတာပဲ ဓနဥ္စာနီက မရပါဘူးတဲ့...။ (မှန်ပါ့ဘုရား)၊ ဓနဥ္စာနီက ငရဲထိန်း, ငရဲသားတွေက ဆွဲတဲ့ အခါ ကျုပ် ရှင့်ဘုရင့်အတွက်လုပ်တာ၊ ကျုပ်အတွက် မပါ ဘူးလို့ ပြောလို့ ဆိုလို့ ငြင်းလို့ ခုံလို့ ရပါ့မလားဆိုတော့ မရဘူးတဲ့၊ ကဲ...ရှိပါစေကွာ...မရမှန်း မင်း သိပြီ မှတ်ထား။

## သားသမီးအတွက်ပါဆိုလို့ မရ

တစ်ခါ သားတွေ,သမီးတွေအတွက် မုသားကလေး သုံးကာ ပြောကာ ဆိုကာ ရှင်ကာနဲ့ ရှာဖွေရတယ်၊ နောက် ငရဲရောက်သွားပြီကွ...တဲ့၊ ငရဲထိန်းတွေက ဆွဲကြ, ငင်ကြတဲ့ အခါ ကျုပ် သားသမီးတွေအတွက် လုပ်တာပါ၊ ကျုပ် အတွက် မဟုတ်ပါဘူးလို့ မင်း ရှန်းလို့ ရပါ့မလားလို့ ဓနဥ္စာနီပုဏ္ဏားကြီးကို ရှင်သာရိပုတ္တရာက မေးလိုက်တယ်၊ ခင်ဗျားတို့ ဘယ့်နှယ်ဖြေကြမလဲ...။ (မရပါဘုရား)။

ခင်ဗျားတို့က သားသမီးအတွက်, သားသမီးအတွက်နဲ့ ဒကာကြီးလှိုင်က အိုချင်းဆိုးကြီးဖြစ်မှ ဒါတွေက ပြောချင် ပြောနေတာ...(မှန်လှပါဘုရား)၊ မပြောဘူးလား...။ (ပြောပါ တယ် ဘုရား)။

ငရဲရောက်သွားတဲ့အခါ ကျုပ်သားသမီးအတွက် ကျုပ် မှသားပြောပြီးသကာလ ကျုပ် လုပ်နေတာပါဗျာ၊ သားသမီး သာ အပါယ်ချကြပါ၊ ကျုပ်က သူတို့အတွက်လုပ်တာပါ လို့ ငြင်းလို့ ခုံလို့ ရပါ့မလား...။ (မရပါဘုရား)။

အဲဒါ ဒကာ ဒကာမတွေက စဉ်းစားရမယ်...။ (မှန်ပါ့)၊ ရိပ်မိပလား...။ (ရိပ်မိပါပြီဘုရား)။

နောက်က ဒကာ ဒကာမတွေက ဆင်ခြေလဲစရာရှိရင် ဒါပဲလဲတယ်၊ ဘယ့်နှယ်လုပ်ရပါ့မလဲဘုရား...အရှင်ဘုရား တို့ကိုလဲ သပိတ်တစ်လုံး, သင်္ကန်းသုံးထည်နဲ့ လွယ်လွယ် ကူကူ ဆွမ်း,ကွမ်းက ရတာမဟုတ်၊ တပည့်တော်တို့ ပြော နိုင်ဆိုနိုင်မှ, အသင့်အတင့် သုံးနိုင်မှ လှည့်ကာ ပတ်ကာ ဆိုသလိုပဲ ပြောနိုင်, ဆိုနိုင်မှ ရတာဆိုတော့ လှည့်နိုင် ပတ်နိုင်တာက အသာရှိပါစေတော့၊ လှည့်တဲ့ ပတ်တဲ့ အကုသိုလ်ကို သားသမီးများအတွက်လုပ်တယ်၊ ဆွေမျိုး ဉာတကာအတွက် လုပ်တယ်ဆိုတာ ငရဲထိန်းတွေကဆွဲတဲ့ အခါကျတော့ ကိုယ့်သားမယားအတွက် လုပ်တာပါ၊ ဆွေ

မျိုးဉာတကာအတွက် လုပ်တာပါ၊ ကျုပ် လွတ်ပါဆိုလို့ ရပါ့မလား...။ (မရပါဘုရား)။

## လုပ်တဲ့လူ အပြစ်ခံရတယ်

ဒါ...ဘုန်းကြီးက ဟောနေတာလို့ အောက်မေ့မနေနဲ့၊ ရှင်သာရိပုတ္တရာက ဓနဉ္ဇာနိ ပုဏ္ဏားကြီး ဟောနေတယ် ဒကာကြီးလှိုင်က မှတ်ရမယ်...။ (မှန်ပါ)၊ နောက်က ဒကာ ဒကာမတွေက နားလည်ရဲ့လား...။ (လည်ပါတယ်)၊ ဘယ်သူ့အတွက်လုပ်,လုပ် လုပ်တဲ့ အပြစ်ခံရတယ်...။ (မှန်ပါ့ဘုရား)။

ဘယ်သူ့အတွက်လုပ်,လုပ်...(လုပ်တဲ့သူ အပြစ်ခံရပါတယ်)၊ ဦးဘကလေး ရိပ်မိပလား...။ (မှန်ပါ့ဘုရား)။

စားတဲ့လူတွေကော ဟိုငရဲထိန်းတွေ ဆင်ခြေလဲလို့ ရရဲ့လား...။ (မရပါ)၊ ကျုပ်အတွက် လုပ်တာ မဟုတ်ပါဘူး၊ သားတွေ,သမီးတွေအတွက် လုပ်တာပါလို့ဆိုကော... (မရပါဘုရား)၊ ဒကာကြီးလှိုင် ရနိုင်ပါ့မလား...။ (မရနိုင်ပါဘုရား)။

မရဘူးလို့ ဓနဉ္ဇာနိပုဏ္ဏားလဲ ဒီအတိုင်းဖြေတာပဲ၊ နောက်ကျတော့ကွာ သူများက အခု မေ့လျော့နေတယ်တဲ့၊ သူတော်ကောင်းအလုပ်ကို ဖြစ်ပျက်အလုပ်တွေ၊ နိဗ္ဗာန်ရောက်တဲ့ အလုပ်တွေ မင်းက မေ့လျော့တယ်ဆိုတော့ ဆွေမျိုး

ဥာတကာတွေအတွက် လုပ်နေရလို့ မင်း ပြောတာပဲ၊ ဆွေမျိုး ဥာတကာတွေအတွက် အကောင်းအဆိုးတွေ ရောပြီးသကာလ မင်း အကုသိုလ်တွေလဲပါ၊ ကုသိုလ်တွေလဲပါ၊ လောကီအလုပ် တွေ လုပ်နေတော့ မင်း သေသွားတော့ ငရဲထိန်းတွေက ဆွဲတဲ့အခါကျတော့ မင်း ကျုပ်အတွက် လုပ်တာမဟုတ်ပါ ဘူး၊ ဆွေမျိုးဥာတကာတွေအတွက် လုပ်တာပါ၊ ကျုပ်ကို လွှတ်ပါဆိုလို့ ရပါ့ မလား...။ (မရပါဘုရား)။

နောက်က ဒကာ ဒကာမတွေရော ကျေနပ်ကြရဲ့ လား...။ (ကျေနပ်ပါတယ်ဘုရား)။

ခင်ဗျားတို့က အားကြီး ဆင်ခြေလဲနေတယ်၊ ဩော်...တစ်ယောက်တည်းလဲ မဟုတ်တော့ဆိုတော့ ဟိုင့် တယ်ဆိုတာ ပါသွားတာပဲ...။ (မှန်ပါ့ဘုရား)။

နည်းနည်းလေး ဖြင့် သုံးရှုန်းရတာပဲ၊ မကောင်းတာ ကလေးလဲ ပါ,ပါသွားတာပဲဆိုတော့ ဘာ့ကြောင့်ပါသွားရ သတုံးလို့မေးတော့ မောင်နိုင် အဖြေထွက်မှာပဲ...။ (မှန်ပါ့)၊ သားနဲ့ သမီးနဲ့ ဆွေနဲ့မျိုးနဲ့ နေရတာ၊ ရပ်နဲ့ ရွာနဲ့ နေရတာ၊ ကုန်စရာတွေက အများကြီး၊ ဦးဘကလေး မလာပေဘူး လား...။ (လာပါတယ်ဘုရား)။

## ငရဲထိန်းတွေက ခွင့်လွှတ်မလား

အဲဒီ ကုန်စရာတွေများတော့ သားနဲ့ သမီးနဲ့ ဆွေနဲ့ မျိုးနဲ့ ရပ်နဲ့က ကိုယ်က မုသားကလေးသုံးကာ လိမ်လည် ကောက်ကျစ်ကာ ပရိယာယ်တွေများများနဲ့ သုံးကြဝယ်ကြ ပြီး ရတဲ့ပစ္စည်းဟာ ကိုယ်က ဒီအပြစ်ကြောင့် ငရဲရောက် သွားတဲ့အခါမှာ သားသမီး ဆွေမျိုးဉာတကာတွေအတွက် လုပ်တာပါ၊ ကျုပ်အတွက် မဟုတ်ပါဘူးဆိုပြီး ဆင်ခြေလဲလို့ ငရဲထိန်းတွေက လွှတ်ပစ်ပါ့မလား…။ (မလွှတ်ပါ)၊ သူပဲခံရ မှာပဲဆိုတာ သေချာပလား…။ (သေချာပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့ အသုံးအနှုန်းဟာ ကိုယ်သုံးနှုန်း တာဖြစ်တော့ ကိုယ်သာလျှင် အပြစ်ရှိတယ်၊ ဘယ်သူ့ငဲ့ပြီး သုံးသုံး အပြစ်တော့ဖြင့် ကိုယ်သာလျှင် ခံရလိမ့်မယ်ဆိုတာ ယနေ့ ဓနဥ္စာနိ ပုဏ္ဏားကြီး အဖြေထုတ်နေတာ ထောက် လိုက်ရင် ရှင်းရှင်းလင်းလင်း မှတ်ပါ…။ (မှန်ပါ့)၊ သဘော ပါပလား…။ (ပါ,ပါပြီဘုရား)။

ဒကာကြီးလှိုင် ကျေနပ်ပလား…။ (ကျေနပ်ပါတယ်)၊ ဘယ်သူ့အတွက်လုပ်လုပ် ခံတော့ ဘယ်သူတုံး…(ကိုယ်ပဲ ခံရမှာပါပဲ)၊ ရှင်းပလား…။ (ရှင်းပါပြီဘုရား)။

အဲဒီတော့ သားကလေး ငယ်သေးလို့ သူတော်ကောင်း အလုပ် မလုပ်နိုင်သေးဘူး၊ မလုပ်နိုင်ရင် သေသွားလို့ရှိရင်

သားငယ်က ကူးမှာလား၊ ကိုယ်ပဲ အပါယ်သွားရမှာလား ...။ (ကိုယ်ပဲအပါယ်သွားရမှာပါဘုရား)။

သားသမီးကလေး အိမ်ထောင်ကျထားတော့ မလုပ်တတ် မကိုင်တတ် ရှိနေလို့ ဖေးမ,ရသေးတယ်၊ အင်း... လောကီအလုပ်တွေပေါ့ဗျာ...။ (မှန်ပါတုရား)။

လောဘ, ဒေါသအလုပ်တွေ ဖေးမ,နေရင်းမတ္တနဲ့ သေသွားတဲ့အခါ သူတို့အရွယ်မရောက်သေးတဲ့လူ မလုံလောက်တဲ့ ပုဂ္ဂိုလ်ကော ကိုယ့်လာကယ်မလား၊ ငရဲမီးလျှံသမားတွေကို သူတို့ကို ကျုပ် စောင့်နေပါတယ်၊ ဒါကြောင့် ကျုပ် အပါယ်ရောက်လာတယ်၊ ကျုပ် လွှတ်ပါဆိုလို့ ရပါ့မလား ...။ (မရပါဘုရား)။

## မိုက်လုံးသန်မနေဖို့ သတိပေးလိုက်တယ်

အဲဒီတော့ မိုက်လုံးသန်မနေနဲ့ ဆိုတာကိုလဲ သတိပေးလိုက်တယ် ...။ (မှန်ပါ့)၊ ဒကာကြီးလှိုင် မပေးထိုက်ဘူးလား ...။ (ပေးထိုက်ပါတယ်)၊ နောက်က ဒကာ ဒကာမတွေနားလည်ကြရဲ့လား ...။ (လည်ပါတယ်ဘုရား)။

ခင်ဗျားတို့ပြောတဲ့စကားကဖြင့် ဒီနေ့ဘာဖြစ်နေသတုံးမေးလို့ရှိရင် ဘာကိစ္စကလေးရှိလို့၊ မကောင်းတဲ့စိတ်ကလေးရှိနေလို့၊ ဘယ်သားအတွက်၊ ဘယ်သမီးအတွက်၊ ဘယ်ရပ်အတွက်၊ ဘယ်ရွာအတွက်ဆိုပြီးသကာလ ကိုယ့်သမာဓိ

ပညာအလုပ်တွေ ဖျက်,ဖျက်ပစ်တယ်...။ (မှန်ပါ)၊ မဖျက်ကြဘူးလား...။ (ဖျက်ပါတယ်ဘုရား)။

ဖျက်လိုက်တော့ ငရဲရောက်သွားတဲ့အခါ ရပ်ရွာသမားတွေက လာပြီးခံမှာလား၊ ကိုယ်ပဲခံရမှာလား...။ (ကိုယ်ပဲခံရမှာပါဘုရား)။

အဲဒီတော့ကို ယခု ဓနဉ္စာနိပုဏ္ဏားကြီးကို ရှင်သာရိပုတ္တရာက မေးလိုက်တာ မင်းပဲ ခံရတယ်လို့ ဆိုတဲ့ဥစ္စာ ရှင်သာရိပုတ္တရာက ပြောတာလား၊ ဓနဉ္စာနီကပဲ သူ့ဟုတ်တိုင်း မှန်စွာဝန်ခံတာလား...။ (ဓနဉ္စာနီကပဲ ဟုတ်တိုင်းမှန်စွာဝန်ခံတာပါ)၊ ရိပ်မိကြပြီ...။ (မှန်ပါဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဓနဉ္စာနီက တပည့်တော် လုပ်ရတာတွေက သေတဲ့ ပုဂ္ဂိုလ်တွေအတွက်လဲ တပည့်တော် ရည်မှန်းပြီး ရှာရဖွေရတာပဲဘုရား၊ သူတို့အတွက် ရည်မှန်းပြီး ကျွေးဖို့မွေးဖို့တွေကလဲ လုပ်ရတယ်။

အေး...လုပ်တာကလုပ်ပြီ၊ မင်းကတော့ အဓမ္မစာရီ၊ ဝိသမစာရီ ဆိုတဲ့အတိုင်း မင်းက မတရားသဖြင့် ရှာကာဖွေကာနဲ့ လောဘ, ဒေါသ, မောဟ ခိုင်းတဲ့အလုပ်တွေ မင်း လုပ်နေတယ်၊ အဲဒီ ဆွေမျိုးဉာတကာတွေအတွက် လုပ်လို့ မင်း ငရဲရောက်သွားတဲ့အခါ သူတို့က လာပြီး သကာလ သူတို့အတွက်လုပ်တာပါ၊ မင်းကို လွှတ်ကြပါဆို

လို့ ရမှာလားလို့ မေးပြန်တယ်...။ (မရပါ)၊ ရကြပါ့မလား...။ (မရပါ)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

**ငရဲထိန်းတွေကို ဆင်ခြေလဲလို့မရ**

အဲဒီတော့ ခင်ဗျားတို့ကလဲ ဒကာကြီးလှိုင်တို့ကလဲ အသက်ကြီးလာတော့ ဦးဘကလေးတို့ကလဲ အသက်ကြီး, မကောင်းတရားကလေး မကောင်းတရားကလေးက ရှိနေသေးတယ် ဘုရား၊ ဒါကလေးတွေကြောင့် တပည့်တော်တို့မှာ သူတော်ကောင်းအလုပ်ကို ကျွတ်ကျွတ်လွတ်လွတ် မလုပ်နိုင်သေးဘူးဘုရား၊ မေ့လျော့တာကလေး အချိန်တွေက များများနေသေးတယ်လို့ ဆိုတာကိုလဲ ခင်ဗျားတို့ နှုတ်ချိုသလောက် အယဉ်သုံးသလောက် ဟိုငရဲထိန်းတွေကျတော့ ဆင်ခြေလဲလို့ မရဘူး...။ (မှန်ပါ့)၊ ရပါ့မလား...။ (မရပါ)၊ နားလည်ကြရဲ့လား...။ (နားလည်ပါတယ်ဘုရား)။

အခု ပြောနေတာတွေ ဘယ်သူ့ကြောင့်, ဘယ်ဝါ့ကြောင့် ဆိုတာတွေ အပိုချည်း အောက်မေ့လိုက်စမ်းပါ ဒကာကြီး လှိုင်...။ (မှန်ပါ့)၊ ဦးဘကလေး ဘယ့်နှယ် ဆုံးဖြတ်ချက်ချမလဲ...။ (အပိုချည်းပါဘုရား)။

ကဲ...ငရဲကျသွားလို့ ငရဲအစစ်ခံရတော့မယ်၊ ငရဲထိန်းတွေက ဆွဲချပြီဆိုတော့ မည်သူ့ကြောင့်, မည်ဝါ့ကြောင့် ဆိုတဲ့ အလုပ်တွေ ရပါ့မလား...။ (မရပါဘုရား)။

အဲဒီတော့ ခင်ဗျား "ကြောင့်" တွေ ဖြုတ်စမ်းပါဆိုတာကိုလဲ ဒကာကြီးလှိုင် သတိပေးလိုက်တယ်...။ (မှန်ပါဘုရား)။

ကိုယ့်လိုရင်းက ဖြစ်ပျက်အလုပ်ပဲ လုပ်ပါ၊ ဒါ ရှိတဲ့အလုပ်ပဲလုပ်ပါဆိုတာ ဦးဘကလေး သတိပေးလိုတယ်...။ (မှန်ပါ)၊ ဘယ်သူ့ကြောင့်, ဘယ်ဝါကြောင့်တွေကို ဒကာဒကာမတွေ သုံးချင်သေးသလား...။ (မသုံးချင်ပါ)၊ ဒကာကြီး လှိုင်ကော...(မသုံးချင်ပါ)၊ မသုံးချင်ပါနဲ့...။ (မှန်ပါ)၊ သို့သော် ခင်ဗျားက ရှာထဲကျတော့ ရှာသံပါ,ပါသွားတယ်...။ (မှန်ပါ)။

ဦးဘကလေး ရှာထဲကျတော့...( ရှာသံပါ,ပါသွားပါတယ်ဘုရား)၊ ရှာသံပါ,ပါသွားတယ်။

ရှာထဲကျတော့ ရှာစိတ်ပေါက်ပြီး ရှာသံပါသွားတယ်ဆိုတော့ ကြောင်တောင် တောထွက်သွားတဲ့အခါ ဘယ့်နှယ်ဖြစ်သွားသတုံး ဒကာကြီးလှိုင် ဖမ်းလို့ ရသေးရဲ့လား...။ (မရပါဘုရား)၊ ဘာဖြစ်လို့တုံး၊ ပိုရိုင်းသွားလို့...။ (မှန်ပါ)၊ ရိုင်းမိပလား...။ (ရိုင်းမိပါပြီဘုရား)။

ဘယ့်နှယ်ကြောင့် ဖြစ်သွားသတုံး၊ ပိုရိုင်းသွားတဲ့အတွက် အရင်ထက်ဆိုးရွားတဲ့ အတတ်ပညာတွေ သုံးစားမလာဘူးလား...။ (သုံးစားပါတယ်ဘုရား)။

ဒီမှာလဲ ရှာထဲပြန်လိုက်တဲ့အခါ ခင်ဗျားတို့ ကြောင်လိုပဲ၊ ရိပ်မိပလား...။ (ရိပ်မိပါပြီဘုရား)။

ဘယ့်နှယ်ထင်ကြသတုံး...၊ ကြောင်ဖြစ်မှာပဲ၊ ကြောင်ဖြစ်တော့ ရိုင်းသွားသလား...ယဉ်သွားသလား...။ (ရိုင်းသွားပါတယ်ဘုရား)၊ ရှင်းပလား...။(ရှင်းပါပြီ)၊ ဘယ်သူ့ကြောင့်၊ ဘယ်ဝါ့ကြောင့်တွေက ပေါ်မလာဘူးလား...။ (ပေါ်လာပါတယ်)။

## ဘယ်သူ့ကြောင့်၊ ဘယ်ဝါ့ကြောင့် ဆင်ခြေလဲလို့မရ

သို့သော်...ဘယ်လိုပဲ ဆင်ခြေလဲလဲ ရှင်သာရိပုတ္တရာက မင့်ကို ငရဲထိန်းတွေက ဆွဲတဲ့အခါကျတော့ကွာ...တဲ့ ဘယ်သူ့ကြောင့်၊ ဘယ်ဝါ့ကြောင့်ဆိုပြီးတော့ မင်းက ဆင်ခြေလဲလို့ ရသေးသလားလို့ မေးတာပဲ...။ (မှန်ပါ)၊ ဘယ့်နှယ်ဖြေမလဲ...။ (မရပါဘုရား)။

အဲဒီတော့ ဒကာ ဒကာမတို့ သားငယ်လို့...သမီးငယ်လို့ သားသမီး အခြေမလှသေးလို့...ကိုယ့်အတွက် ဆုတ်ယုတ်ခံပြီးသကာလ မနေနဲ့၊ ငရဲထိန်းတွေက ဆွဲတဲ့အခါမှာ ဆင်ခြေလဲလို့မရဘူးဆိုတာ တစ်လုံးမှတ်ထားလိုက်...(မှန်ပါ)၊ ဒကာကြီးလှိုင်...သေချာပလား...။ (သေချာပါပြီဘုရား)။

အဲဒီလိုဟောပြီး ရှင်သာရိပုတ္တရာက ဇာ...မင့်အရေး

မင်းကြီးတယ်၊ ဘယ်သူ့ကြောင့်, ဘယ်ဝါ့ကြောင့်တွေ မင်း လုပ်မနေနဲ့၊ မမေ့မလျော့တဲ့ စိတ်ကြိုက်ရင် စိတ်ဖြစ်ပျက် ရှု၊ ဝေဒနာကြိုက်ရင် ဝေဒနာဖြစ်ပျက်ရှုပြီး မင်း ဒါသာ မမေ့မလျော့တဲ့အလုပ်ကို လုပ်ရစ်ဆိုပြီးသကာလ ကျောင်း ပြန်ကြွသွားတယ်၊ ရှင်သာရိပုတ္တရာ ကျောင်းပြန်သွား တယ်...။ (မှန်ပါ့)။

## ဓနဉ္ဇာနိပုဏ္ဏားကြီး မမာမကျန်းဖြစ်တယ်

နောက် တယ်မကြာပါဘူး၊ ဓနဥ္ဇာနိ မမာမကျန်း ဖြစ်လာတယ်၊ ဦးဘကလေး...ဓနဉ္ဇာနိ မကျန်းမမာဖြစ်လာ တယ်...။ (မှန်ပါ့)၊ မမာတော့ သူ့အိမ်မှ အစေခံတစ် ယောက် လွှတ်လိုက်တယ်၊ ဘုရားဆီလဲ သွားခဲ့ကွာ၊ ဓနဉ္ဇာနိ ပုဏ္ဏားကြီးဖြင့် အကြီးအကျယ်မမာဘူး၊ ဝတ်ချခဲ့၊ ရှင်သာရိ ပုတ္တရာတော့ ဝတ်လဲချပြီးတော့ ဓနဉ္ဇာနိပုဏ္ဏားကြီး မမာ ဘူးဘုရား၊ အိမ်ကို ခေတ္တကြွပါဆိုပြီး မင်း လျှောက်ခဲ့ဆိုပြီး လွှတ်လိုက်တယ်...။ (မှန်ပါ့)။

လွှတ်လိုက်တော့ ခုနင်ကသွားတဲ့ ဒကာက ဘုရား ဝတ်ချပြီးသကာလ လျှောက်ခဲ့တယ်၊ ရှင်သာရိပုတ္တရာတော့ ဓနဉ္ဇာနိပုဏ္ဏား မမာဘူးဘုရာ့၊ အိမ်သို့ ခေတ္တကြွပါလို့ ဓနဉ္ဇာနိ ပုဏ္ဏားကြီးက ပင့်ပါတယ်၊ ဒါနဲ့ သင်းပိုင်ကလေး ဘာကလေး ပြင်ဝတ်ပြီးသကာလ ရှင်သာရိပုတ္တရာက လိုက်

လာတယ်၊ လိုက်လာပြီး ဓနဉ္စာနီပုဏ္ဏားကြီးရဲ့ဝေဒနာတွေ ကြည့်လိုက်တယ်။

ဒကာကြီး ဝေဒနာ ဘယ့်နှယ်နေသတုံးဆိုတော့ ဟာ...ဝေဒနာပြင်းထန်ပါတယ်ဘုရား၊ နောက်မဆုတ်ပါဘူး၊ အင်မတန် ပြင်းထန်ပါတယ်၊ အမျိုးမျိုးဥပမာတွေနဲ့ ပြော တာပေါ့လေ...နော်...။ (မှန်ပါ့)။

## ရှင်သာရိပုတ္တရာ တရားဟောတယ်

ဒါနဲ့ ရှင်သာရိပုတ္တရာက အကဲခတ်တယ်၊ အင်း... ဒီဝေဒနာကတော့ဖြင့် မရတော့ဘူး၊ သေမှာပဲ၊ ကဲ...တရား ဟောမယ်...ဒကာကြီးနားထောင်ဆိုပြီး တရားဟောပါတယ်။

တရားဟောတော့ ဒကာကြီး ငရဲနဲ့တိရစ္ဆာန်ဟာ ဘယ်ဟာ ကြိုက်သတုံး၊ ဘယ်ဟာက မြတ်သတုံး၊ ဟာ... ငရဲထက်တော့ ဘုရား... တိရစ္ဆာန်က မြတ်တာပေါ့၊ အေးအေး...မှတ်ထားပါ။

တိရစ္ဆာန်နဲ့ ပြိတ္တာကော ဘယ်ဟာမြတ်သတုံး၊ ဟာ... ပြိတ္တာက တော်သေးတာပေါ့ဘုရား၊ အဆင့်ဆင့်တက်လာ တယ်နော်...။ (မှန်ပါ့)။

ပြိတ္တာနဲ့ လူနဲ့ကော၊ ဟာ...လူက မြတ်တာပေါ့ ဘုရား...လူနဲ့ စတုမဟာရာဇ်နဲ့ကော၊ စတုမဟာရာဇ်က မြတ်တာပေါ့ဘုရား၊ စတုမဟာရာဇ်နဲ့ တာဝတိံသာကော

ဆိုပြီး ဒီလိုပဲ အမြွတ်တွေ တက်သွားလိုက်တာ ဗြဟ္မာပြည် ရောက်ကရော...ဒကာကြီးလို့င်...။ (မှန်ပါ့)။

ဗြဟ္မာပြည်ရောက်တယ်၊ ဒါနဲ့ နတ်ပြည်နဲ့ ဗြဟ္မာ့ပြည်ရော...ပရနိမ္မိတ ဝသဝတီပြည်နဲ့ ပထမဈာန် ဗြဟ္မာ့ပြည်ကော ဘယ်ဟာက မြတ်သတုံး၊ ဟာ...ပထမဈာန် ဗြဟ္မာ့ပြည်က မြတ်တာပေါ့ဘုရား။

## ဗြဟ္မာ့ပြည်ကြိုက်ရင် မေတ္တာပို့

နို့...ဗြဟ္မာ့ပြည်ကော မကြိုက်ဘူးလား၊ ကြိုက်ပါတယ်ဘုရား၊ ဒါဖြင့် ဒကာကြီး မေတ္တာပို့တဲ့၊ သေခါနီး ဟောလိုက်တယ်၊ အရှေ့ကိုလဲ မေတ္တာပို့၊ အနောက်ကိုလဲ မေတ္တာပို့၊ တောင်ကိုလဲ မေတ္တာပို့၊ မြောက်ကိုလဲ မေတ္တာပို့၊ အောက်ကိုလဲ မေတ္တာပို့၊ အထက်ကိုလဲ မေတ္တာပို့၊ အားလုံး တစ်တန်းတည်းဖြစ်အောင် ပို့ပါ၊ မေတ္တာချည်းပို့ပါ၊ မေတ္တာပို့ပြီးသည်၏အဆုံး၌ အားလုံး ကရုဏာတစ်တန်းတည်း ထားစမ်းပါ၊ အရှေ့,အနောက်, တောင်,မြောက် အရပ်ရှစ်မျက်နှာပေါ့နော်...။ (မှန်ပါ့ဘုရား)။

နောက် မုဒိတာထားစမ်းပါ၊ နောက်ဥပေက္ခာဆိုတဲ့ တရားနဲ့ အားလုံး ဥပေက္ခာထားလိုက်စမ်းပါဆိုပြီးသကာလ ကျောင်းပြန်ကြွသွားတယ်၊ တရားဟောပြီးတော့နော်...။ (မှန်ပါ့)။

မေတ္တာအရင်လုပ်ပါ၊ ပြီးတော့မှ ကရုဏာလုပ်၊ ပြီးတော့မှ မုဒိတာလုပ်၊ ပြီးတော့မှ ဥပေက္ခာလုပ်ဆိုပြီး သကာလ ဒကာကြီးလှိုင်...ဗြဟ္မာ့ပြည်ရောက်ကြောင်းတွေ ဟောပစ်ခဲ့တယ်...။ (မှန်ပါ့ဘုရား)။

## ဘုရားကသိနှင့်နေတယ်

ဟောပြီ အရှင်သာရိပုတ္တရာလဲ ကြွသွားလို့ လမ်းရောက်ရော လမ်းရောက်တော့ ဘုရားက ဟိုကနေ အသိဉာဏ်နဲ့ သိတယ်၊ ဘုရားနားမှာရှိတဲ့ ရဟန်းတွေကို ဘုရားက ရှင်သာရိပုတ္တရာ သူ့နားမရောက်ခင် ဟောနေတယ်၊ မောင်နိုင် မှတ်ထား...။ (မှန်ပါ့)။

ရှင်သာရိပုတ္တရာ ဘုရားဆီရောက်ပလား...။ (မရောက်သေးပါဘုရား)၊ မရောက်သေးဘူးနော်၊ မရောက်ခင်ပဲ ဟေ့...တဲ့၊ သာရိပုတ္တရာ ဓနဉ္ဇာနီပုဏ္ဏားကြီးကို တရားဟောတာကွာ နိဗ္ဗာန်ရောက်ကြောင်းတရား ချန်လှပ်ပြီးသကာလ ဗြဟ္မာ့ပြည်ရောက်ကြောင်းတရားဟောပြီး သူလာပြီကွတဲ့၊ ဒီထက်မြတ်တဲ့တရားကို သူ မဟောခဲ့ဘူး...။ (မှန်ပါ့)၊ ဗြဟ္မာ့ပြည်ရောက်ကြောင်းတရားဟောပြီး သူ လာတယ်ကွ...တဲ့၊ ဟိုက သိနှင့်နေပြီ...။ (မှန်ပါ့ဘုရား)။

ဒါနဲ့ သိနှင့်နေတော့ ရဟန်းတွေကို ဘုရားက ပြောပြီးပြီဆိုပါတော့ မောင်နိုင်,ရ...(မှန်ပါ့ဘုရား)၊ နောက်မကြာ

ခင်ပဲ ရှင်သာရိပုတ္တရာကလဲ ဒီတရားပွဲကဆုံးပြီး လျှောက်လာတာနဲ့ ရောက်ကရော ဘုရားဆီ...(မှန်ပါ့)။

ဟော့...သာရိပုတ္တရာ မင်း ဘယ်က လာခဲ့သတုံး၊ ဒီလိုပဲ ဘုရား ဓနဉ္စာနီပုဏ္ဏားကြီး မမာတာနဲ့ တရားဟောသွားတယ်။

ဘယ်နှယ်များဟောခဲ့သတုံးကွ၊ ခုနင်က အစဉ်အတိုင်း ပေါ့ဗျာ၊ မြတ်တာ, မြတ်တာ အဆင့်ဆင့်တက်ပြီး သူကြိုက်တဲ့ ဗြဟ္မာပြည် ပို့ပစ်ခဲ့တယ်။

## ရှင်သာရိပုတ္တရာကို တရားဟောညွှတ်တယ်တဲ့

ဩော်...မင်းနှယ်ကွာ ဒီထက်ကောင်းတဲ့တရားရှိပါလျက်သားနဲ့ ဗြဟ္မာ့ပြည်ပို့ထားခဲ့တယ်ဆိုတော့ ဒုက္ခသစ္စာရတဲ့ပြည် မင်း ပို့ထားခဲ့တာ...။ (မှန်ပါ့)၊ တရားဟောညွှတ်တယ်...။ (မှန်ပါ့)၊ ဒကာကြီးလို့င် ရိပ်မိပလား ...။ (ရိပ်မိပါပြီဘုရား)။

ဒီထက်လွတ်မြောက်တဲ့တရား ရှိပါလျက်သားနဲ့ မလွတ်မမြောက်တဲ့နေရာ ပို့ထားခဲ့တယ်ဆိုတော့ ဇာတိ, ဇရာ, မရဏထဲ တွန်းထားခဲ့တာနဲ့ မတူဘူးလား...။ (တူပါတယ်ဘုရား)၊ ရှင်းကြပလား...။ (ရှင်းပါပြီဘုရား)။

ဒီတွင်မှ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မင်းဟာကွာ တရားဟော ညွှတ်တယ်၊ နိဗ္ဗာန်ရောက်ကြောင်းတရား

တွေ ရှိပါလျက်သားနဲ့ ဗြဟ္မာ့ပြည်ရောက်ကြောင်းတရား မင်း တင်ပို့ထားခဲ့တဲ့ဥစ္စာကွာ မင်း ဟောခဲ့တာ ညံ့တယ် ဆိုတဲ့ အဓိပ္ပါယ်မျိုး ပြောလိုက်တယ်...။ (မှန်ပါ)။

အဲဒီတွင်မှ ရှင်သာရိပုတ္တရာက သတိရတယ်၊ သြော်– ငါဟောတာ သစ္စာမပါ,ပါဘဲလား...။ (မှန်ပါ)၊ ရိပ်မိ ပလား...။ (ရိပ်မိပါပြီဘုရား)။

**သစ္စာမပါဘဲ မေတ္တာအပို့ခိုင်းခဲ့တယ်**

ဘာတဲ့တုံး...။ (သစ္စာမပါ,ပါဘုရား)၊ ဘယ်ပါမတုံး၊ မေတ္တာအပို့ခိုင်းပစ်ခဲ့တာ...။ (မှန်ပါ)၊ ပါသေးရဲ့လား...။ (မပါ,ပါဘုရား)။

မေတ္တာအပို့ခိုင်းပစ်ခဲ့တယ်၊ မေတ္တာ, ကရုဏာ, မုဒိတာ ပို့ရစ် ဒကာကြီးဆိုလို့ ဟိုက ရှင်သာရိပုတ္တရာ လမ်းရောက်တော့ သေပါရော...။ (မှန်ပါ)၊ သေတော့ ဗြဟ္မာ့ ပြည် သွားဖြစ်တယ်...။ (မှန်ပါဘုရား)၊ ဥပပတ္တိ ပဋိသန္ဓေ ဘွားခနဲ ဗြဟ္မာကြီး သွားဖြစ်တယ်။

အဲဒီတွင် ရှင်သာရိပုတ္တရာ ဘုရားဆီရောက်လို့ ဘုရားက မင်း တရားဟောညံ့တယ်၊ ဒါဖြင့် တပည့်တော် ပြန်ဟောဦးမယ်ဆိုတော့ မင်း ဟောမနေပါနဲ့၊ သူ ဗြဟ္မာ့ ပြည် ရောက်သွားပြီလို့ ပြောလိုက်တယ်...။ (မှန်ပါ)၊ ကဲ... ဘယ်လောက်နာသွားသတုံး...။ (နာပါတယ်ဘုရား)။

ကဲ...ဒကာဒကာမတွေ ဒါ ဘယ်သူ့ကြောင့်တုံး...။ (တရားဟောညွှန်လို့ပါဘုရား)။

တရားဟောညွှန်လို့လဲ ဒကာကြီးလှိုင် လိုရာခရီး အပြီးတိုင် မရောက်တာ ရှင်းပလား...။ (မှန်ပါ)။

ဘယ်နှစ်ချက်ရှိသွားပလဲ နဂိုစ,လိုက်တာ...(သုံးချက်ပါဘုရား)၊ သုံးချက်နော်...။ (မှန်ပါ)။

တရားမဆုံးလိုက်လို့ မှားခြင်းတစ်ချက်...။ (မှန်ပါဘုရား)၊ မကောင်းသောစိတ် တရားနာတဲ့အထဲမှာ ဝင်လာလို့လဲ...(မှားခြင်းတစ်ချက်ပါဘုရား)။

**တရားဟောညွှန်ရင် တရားထူးမရနိုင်**

အဲ...မဂ်ဖိုလ်မရောက် မှားခြင်းတစ်ချက်နော်...။ (မှန်ပါ)၊ တရားဟောပုဂ္ဂိုလ်ညွှန်လို့လဲ ဘာတုံး...(မှားခြင်းတစ်ချက်ပါ)၊ မဂ်ဖိုလ်မရောက်တော့ဘူး...။ (မှန်ပါ)၊ နိဗ္ဗာန်ရောက်သေးရဲ့လား...။ (မရောက်ပါဘုရား)။

အဲဒါကြောင့် တရားဟောညွှန်တာပေမယ့် ဦးဘကလေးသာမညအရေးကြီးတယ်လို့ အောက်မေ့မနေနဲ့၊ ဘုရားကိုယ်တိုင်က အပြစ်တင်ခံရတယ်...။ (မှန်ပါဘုရား)၊ မခံရဘူးလား...။ (ခံရပါတယ်ဘုရား)။

ဒကာ ဒကာမတို့ ဒါဟာ အထိသုံးပါး ညီဖို့ဆိုတဲ့ ဥစ္စာ မောင်နိုင်...ဒါဆိုတာပါပဲ...။ (မှန်ပါ)၊ ကိုမြင့် ဒီအတိုင်းပဲနော်...။ (မှန်ပါ)။

ကိုယ့်ဘက်ကလဲ တရားအဆုံးလိုက်လို့ အရေး၊ တစ်ရေး...။ (မှန်ပါဘုရား)၊ ကိုယ့်ဘက်ကလဲ ပါပမိတ္တ ဆိုတဲ့ မကောင်းသော တရားတွေနဲ့ မပေါင်းဖို့အရေး၊ တစ်ရေး...။ (မှန်ပါ)၊ နှစ်ရေးမရှိဘူးလား...။ (ရှိပါတယ် ဘုရား)။

တရားဟောပုဂ္ဂိုလ်ကလဲ နိဗ္ဗာန်ရောက်ကြောင်းတရား သစ္စာတရားကို ဟောဖို့အရေးလဲ တရားဟောပုဂ္ဂိုလ်၏ အရေး...(မှန်ပါ)၊ ဤအရေးမပါလို့ ရှင်သာရိပုတ္တရာကြီး ဘုရား အပြစ်တင်ခံရတယ်ဆိုတာလဲ ဒကာကြီးလှိုင် ရိပ်မိ ပလား...။ (မှန်ပါ ရိပ်မိပါပြီ)၊ တယ်နှစ်နာပါလား...။ (နှစ်နာပါတယ်ဘုရား)၊ သဘောပါကြပလား...။ (ပါ,ပါပြီ ဘုရား)။

ဒကာကြီးလှိုင် အခုဟာ တတိယအချက်မှာ ဘယ်သူ ညံ့တုံးဗျ...။ (တရားဟောပုဂ္ဂိုလ် ညံ့တာပါဘုရား)၊ တရားဟောဆရာ ညံ့တယ်...။ (မှန်ပါ)။

ဒါကြောင့် ဒကာ ဒကာမတို့ သစ္စာမပါဘူးတဲ့၊ သူ ဟောတာတွေက မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဒီလေးခုပဲ ဟောတယ်...။ (မှန်ပါ)။

မေတ္တာပို့ရစ်ကွာ...ကရုဏာ ထားရစ်ကွာ၊ သစ္စာ ပါသေးလား (မပါ,ပါဘုရား)၊ မုဒိတာထားရစ်ကွာ၊ ဥပေက္ခာ အလုံးစုံထားပြီးတော့ နေကွာ၊ အဲဒါ ဗြဟ္မာ့ပြည်ရောက်လိမ့် မယ်ဆိုပြီးတော့ ဟောပစ်ခဲ့တော့ သူ ပြန်လာလို့ လမ်း ရောက်ကာရှိသေး စုတိစိတ်ကျ၊ ကျသည်နဲ့တစ်ပြိုင်နက်တည်း ဗြဟ္မာကြီး သွားဖြစ်တယ်...။ (မှန်ပါ့)။

သူ့ မရောက်ခင်ဘဲ ဘုရားကကော မောင်နိုင် သိနှင့် ပလား၊ မသိနှင့်ဘူးလား...။ (သိနှင့်ပါတယ်ဘုရား)။

ရှင်သာရိပုတ္တရာကွာ ဒီထက်ကောင်းတဲ့တရားရှိလျက် သားနဲ့ ဒီနားတွင် ရပ်ထားခဲ့တယ်ဟေ့...လို့ ရဟန်းတွေကို ပြောနှင့်ပြီ ဘုရားက...။ (မှန်ပါ့)။

ကိုင်း...ဒကာ ဒကမာတွေ ဘယ်သူညံ့တာပါလိမ့်...။ (ဆရာညံ့တာပါဘုရား)၊ ဆရာညံ့တာပါ။

## ဆရာညံ့ရင် တရားထူးမရနိုင်

တိုတိုပြောတော့ ဘယ့်နှယ်ပြောကြမလဲ...။ (ဆရာ ညံ့တာပါဘုရား)၊ ဦးမူကြီး...(ဆရာညံ့တာပါဘုရား)၊ ရိပ်မိပလား...။ (ရိပ်မိပါပြီဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတွေ ခင်ဗျားတို့ တရားကို အဟုတ်မှန်မှန်ပြောရမယ်ဆိုတော့ မောင်နိုင် မလွယ်ပါ ကလား...။ (မလွယ်ပါဘုရား)။

မလွယ်ဘူး၊ အခု ကြည့်စမ်း၊ ဘုရားက မင်းက ဗြဟ္မာ့ပြည်ရောက်ကြောင်း မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ...ဗြဟ္မာဝိဟာရတရားကို မင်း ဟောထားခဲ့တဲ့အတွက် ဗြဟ္မာ့ပြည်ရောက်ပြီကွဆိုတော့ ဩော်...တပည့်တော် လိုပါကလားလို့ သူ တာဝန်ခံတာပဲ...။ (မှန်ပါ့)။

ဒါဖြင့် တပည့်တော် ဗြဟ္မာ့ပြည်လိုက်ပါဦးမယ်တဲ့...။ (မှန်ပါ့)။

ဘုရားက မင်း ဟောတာက တရားခုလတ်တွင် ဟောပစ်ခဲ့တယ်၊ ဒီ့ထက်ကောင်းတဲ့ နိဗ္ဗာန်ရောက်ကြောင်း မပါဘူး၊ အခုတော့ဖြင့် လွန်သွားပြီကွာ...ဒီပုဏ္ဏားကြီးက ဗြဟ္မာ့ပြည်ရောက်သွားပြီဆိုတော့ လူ့ပြည် ဟောရမည့်အလုပ်ကို တပည့်တော်ညံ့တဲ့အတွက် ဗြဟ္မာ့ပြည်လိုက်ပါဦးမယ်ဆိုပြီး လိုက်ပြန်တယ်...။ (မှန်ပါ့)၊ ရိပ်မိပလား...။ (ရိပ်မိပါပြီဘုရား)။

ရှင်သာရိပုတ္တရာကြီး အခု ဘယ်ကြွသွားသတုံး...။ (ဗြဟ္မာ့ပြည်ကြွသွားပါတယ်)၊ ဦးအောင်ဖဲဝေတို့ ဘယ်ကြွသွားသတုံး...။ (ဗြဟ္မာ့ပြည်ကြွသွားပါတယ်)၊ ဘာဖြစ်လို့ ကြွသွားရတာတုံး...။ (သစ္စာတရားဟောမလို့ ကြွသွားရတာပါဘုရား)။

ဘာဖြစ်လို့ ကြွရပြန်တာတုံး၊ ခုနင်က တစ်ခါကြွပြီး ပြီ၊ အခုတစ်ခါထပ်ပြီးတော့ ဘာဖြစ်လို့ ကြွရတာတုံးမေ တော့ ဘယ့်နှယ်ပြောမတုံး...။ (တရားဟောမလို့ပါဘုရား)။

နောက်က ဒကာ ဒကာမတွေ ကိုယ်တော်ကြီး နှစ်ခါ ကြွရတာ ရိပ်မိပလား...။ (ရိပ်မိပါပြီ)၊ နောက်တစ်ခါ ဘာဖြစ်လို့တုံး...။ (တရာ ဟောညွှံခဲ့လို့ပါ)၊ သူ့ဟာသူ ညွှံခဲ့လို့ကြွရရှာတာ...။ (မှန်ပါဘုရား)။

ကဲ...ကိုမြင့် ရိပ်မိပလား...(ရိပ်မိပါပြီ)၊ ဘာဖြစ်လို့ ကြွရတာတုံး...။ (တရားဟောညွှံလို့ပါဘုရား)။

အဲ...ဗြဟ္မာ့ပြည်ရောက်တော့မှ သစ္စာတရားသွားဟော တယ်...။ (မှန်ပါဘုရား)။

## ဗြဟ္မာ့ပြည်လိုက်ပြီး သစ္စာတရားဟောရတယ်

ဗြဟ္မာ့ပြည်ရောက်တော့...(သစ္စာတရားသွားဟောရပါ တယ်)၊ သစ္စာတရားသွားဟောရတယ်...။ (မှန်ပါ)၊ ခုနင်က မေတ္တာ တရားတွေဟောတယ်...။ (မှန်ပါ)၊ အခု ဘာတရားသွားဟောသလဲ...။ (သစ္စာတရားသွားဟောပါ တယ် ဘုရား)။

သစ္စာတရားတွေ သွားဟောရတယ်၊ ကိုင်း...သစ္စာ တရားဆိုတော့ ခင်ဗျားတို့လုပ်တဲ့အလုပ်ကို မှတ်လိုက်တာ

ပေါ့နော်...။ (မှန်ပါ့)၊ ဒကာကြီးလှိုင် ခင်ဗျားတို့လုပ်တဲ့ အလုပ်ဟာ သစ္စာတရား...။ (မှန်ပါ့ဘုရား)။

**မြင်စိတ်ကို ဖြစ်ပျက်ရှုပါ**

ခင်ဗျားတို့ကို ဘုန်းကြီးအရှုခိုင်းတာက မျက်စိနဲ့ မြင်တယ်ဆိုရင် မြင်စိတ်ကို ဖြစ်ပျက်ရှုပါလို့ မပြောဘူး လား...။ (ပြောပါတယ်ဘုရား)။

မြင်စိတ်ဟာ ဘာသစ္စာတုံး...။ (ဒုက္ခသစ္စာပါ)၊ ရှုတဲ့ မဂ်က...(မဂ္ဂသစ္စာပါ)၊ အဲဒါကျတော့ သစ္စာလိုသေးရဲ့ လား...။ (မလိုပါဘုရား)၊ ဒီလိုရှုကွ၊ ဒီလိုမှတ်ကွ ဒီလိုဟောရမယ်...။ (မှန်ပါ့)၊ ဒါက ၁-နံပါတ်နော်...။ (မှန်ပါ့ဘုရား)။

ကဲ...ကြားစိတ်ကလေးကျတော့ မောင်နိုင်တို့က ဘယ့် နှယ်လုပ်မလဲ...။ (ဖြစ်ပျက်ရှုရပါမယ်)၊ ကြားစိတ်ကလေး ဖြစ်ပျက်ရှု၊ ဖြစ်ပျက်တာက ဘာသစ္စာ...(ဒုက္ခသစ္စာပါ)၊ ရှုတာက...(မဂ္ဂသစ္စာပါ)၊ ဒီလိုဆိုတော့ သစ္စာဆိုက်မသွားဘူး လား...။ (ဆိုက်ပါတယ်)။

မဂ္ဂသစ္စာဆိုတော့ နောက်က ပဋိစ္စသမုပ္ပါဒ် တဏှာ၊ ဉပါဒါန်၊ ကံ လာသေးရဲ့လား...။ (မလာပါ)၊ ကြားလို့ သာယာတယ်၊ စွဲလမ်းတယ်၊ အားထုတ်မယ်ဆိုတဲ့ တဏှာ ဉပါဒါန်၊ ကံ လာသေးရဲ့လား...။ (မလာပါဘုရား)။

အဲ...သမုဒယသစ္စာ ကိလေသာဝဋ်ကစပြီး ကမ္မဝဋ်၊ ကမ္မဝဋ်ကစပြီး ဝိပါကဝဋ် မပြတ်ဘူးလား...။ (ပြတ်ပါတယ်)၊ ရှုရင်ပြတ်တယ်...။ (မှန်ပါ့ဘုရား)။

**ရှုရင် ဝဋ်သုံးပါးပြတ်တယ်**

ဦးအောင်ဇေ ရှုရင်...(ပြတ်ပါတယ်)၊ ပြတ်တယ်၊ ဦးဘသန်းကြီးကော ရှုရင်...(ပြတ်ပါတယ်ဘုရား)။

အဲဒီ ပြတ်တဲ့အလုပ်ဟာ ခင်ဗျားတို့ ရှုနေတဲ့ အလုပ်ဟာ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ဖြစ်တဲ့အလုပ်လို့ မှတ်လိုက်စမ်းပါ...။ (မှန်ပါ့ဘုရား)။

ရှုတဲ့ အလုပ်ဟာ ဘာတုံး...(ဝဋ်သုံးပါးပြတ်ပါတယ်ဘုရား)၊ နောက်က ဒကာ ဒကာမတွေ...(ဝဋ်သုံးပါးပြတ်ပါတယ်ဘုရား)။

ရှုလိုက်ရင် ကိလေသဝဋ်ကစပြီး အရင်မပြတ်ဘူးလား...။ (ပြတ်ပါတယ်ဘုရား)၊ ကိလေသာဝဋ်မလာလို့ရှိရင် ကမ္မဝဋ်ကော လာသေးရဲ့လား...။ (မလာပါဘုရား)။

ကမ္မဘဝဆိုတာလေ...(မလာပါ)၊ ကမ္မဘဝမှမလာဘဲနဲ့ ကမ္မဘဝပစ္စယာ ဇာတိဆိုတာကော...(မလာပါ)၊ ဒါဖြင့် ဝဋ်သုံးပါး ဘယ့်နှယ်နေသတုံး...။ (ပြတ်ပါတယ်ဘုရား)။

**ရှုတာက မဂ္ဂသစ္စာ**

အဲဒီတော့ ခင်ဗျားတို့ ရှုနေတဲ့ အလုပ်ကကော ဝဋ် ပြတ်တယ်...။ (မှန်ပါ့)၊ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ ရှုတာက... (မဂ္ဂသစ္စာပါဘုရား)။

**ဝဋ်ပြတ်**တာက နိရောဓသစ္စာ...(မှန်ပါ့)၊ ကိလေသာ ဝဋ်ရော, ကမ္မဝဋ်ရော, ဝိပါကဝဋ်ရော ပြတ်တယ်...။ (မှန်ပါ့)၊ ဝဋ်သုံးပါးကျွတ်တာက နိရောဓသစ္စာ...(မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

**ဝဋ်သုံးပါးကျွတ်တာက နိရောဓသစ္စာ**

ဝဋ်သုံးပါးကျွတ်တာက...(နိရောဓသစ္စာပါ)၊ သဘော ပါပလား...။ (ပါ,ပါပြီဘုရား)။

ကိုင်း...မရှုတတ်တဲ့ပုဂ္ဂိုလ်တွေလဲ ရှုတတ်အောင်လို့ ပြောပေးဦးမယ်၊ နံ့စိတ်ကလေးလာရင်လဲ ဘာလုပ်ကြ မယ်...။ (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

**ဖြစ်ပျက်က ဒုက္ခသစ္စာ**

ဖြစ်ပျက်ရှုလိုက်တော့ နံ့စိတ်ဖြစ်ပျက်က ဘာသစ္စာ... (ဒုက္ခသစ္စာပါ)၊ ရှုတာက...(မဂ္ဂသစ္စာပါ)၊ နောက်က ဝဋ် ဘယ်နှစ်ပါးပြတ်သလဲ...။ (သုံးပါးပြတ်ပါတယ်)၊ အဲ...

သုံးပါးပြတ်တာက ဘာသစ္စာလဲ... (နိရောဓသစ္စာပါဘုရား)။

နိရောဓသစ္စာနော်...။ (မှန်ပါ)၊ နိရောဓသစ္စာဆိုရမှာပေါ့၊ သူက သမုဒယသစ္စာနဲ့ ဒုက္ခချုပ်တာကို...။ (မှန်ပါ)၊ မချုပ်ဘူးလား...။ (ချုပ်ပါတယ်)၊ ကိလေသာဝဋ်က သမုဒယသစ္စာ၊ ဝိပါကဝဋ်က ဒုက္ခသစ္စာကို...။ (မှန်ပါ)၊ သဘောပါပလား...။ (ပါ,ပါပြီဘုရား)။

**သေတာက သမုဒယသစ္စာ**

ကဲ...တစ်ခါ လျှာပေါ်မှာ စားစိတ်ကလေးပေါ်လဲ ဘာလုပ်ကြမယ်...(ဖြစ်ပျက်ရှုရပါမယ်)၊ ဖြစ်ပျက်က ဘာသစ္စာ...(ဒုက္ခသစ္စာပါ)၊ ရှုတာက...(မဂ္ဂသစ္စာ)၊ သေတာက... (သမုဒယသစ္စာပါဘုရား)။

သမုဒယရော ဒုက္ခရော...(မှန်ပါ)၊ မသေဘူးလား...။ (သေပါတယ်ဘုရား)၊ သမုဒယသေတယ်၊ ဒုက္ခချုပ်တယ်...။ (မှန်ပါ)၊ အနာဂတ်ဒုက္ခ မချုပ်ဘူးလား...။ (ချုပ်ပါတယ်)၊ အဲဒါက ဘာသစ္စာခေါ်မလဲ...။ (နိရောဓသစ္စာပါဘုရား)၊ ပေါ်ကြပလား...။ (ပေါ်ပါပြီဘုရား)။

တစ်ခါတစ်ခါ ဒကာ ဒကာမတွေက တို့လုပ်နေရတာပဲ၊ ဆရာဘုန်းကြီးက ရှု,ရှုဆိုလို့ လုပ်နေရတာပဲ၊ ဘာမှ ကျေးဇူးမခံစားရဘူးလို့ ဒီလို အောက်မေ့မနေနဲ့၊ ချက်ချင်း

အကာလိကောတဲ့...(မှန်ပါ)၊ ချက်ချင်း အကျိုးပေးပါ တယ်...။ (မှန်ပါဘုရား)။

ချက်ချင်း သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာမချုပ်ဘူး လား...။ (ချုပ်ပါတယ်)၊ အဲဒါဘာခေါ်ကြမတုံး...။ (နိရောဓ သစ္စာပါ)၊ အကာလိကော=အခါမလင့် အကျိုးပေးလိုက် တယ်...။ (မှန်ပါ)၊ ပေါ်ပလား...။ (ပေါ်ပါပြီဘုရား)။

**သန္ဒိဋ္ဌိကော** ဒုက္ခသစ္စာကိုယ်တိုင်မြင်တာနဲ့ အကာလိ ကော အခါမလင့် အကျိုးပေးတယ်၊ သဘောပါကြပလား...။ (ပါ,ပါပြီဘုရား)။

ကဲ...ဒါဖြင့် ကိုယ်ပေါ်မှာ ယားစိတ်, ယံစိတ်, နာစိတ်, ကောင်းစိတ်ကလေးပေါ်ရင် ဘာလုပ်ကြမယ်... (ဖြစ်ပျက်ရှုရပါမယ်)၊ ဖြစ်ပျက်က ဘာသစ္စာ...(ဒုက္ခသစ္စာ ပါ)၊ ရှုတာက...(မဂ္ဂသစ္စာ)၊ သေတာက...(သမုဒယသစ္စာ ပါဘုရား)။

နောက် အနာဂတ်၌ ဝိပါကဝဋ် မလာတာက... (နိရောဓသစ္စာပါ)၊ သစ္စာလေးပါးချည်း ဟောလိုက်တယ်...။ (မှန်ပါ)။

ရှင်သာရိပုတ္တရာဟာ ဖြဟ္မာပြည်သွားပြီးတော့ ဓနဉ္စာနိ ကို ဟောတယ်...။ (မှန်ပါ)၊ ရိပ်မိပလား...။ (ရိပ်မိပါပြီ ဘုရား)။

ကဲ...ဝမ်းထဲ လောဘစိတ်ကလေးပေါ်ရင် ဘာလုပ်ကြ

မယ်...(ဖြစ်ပျက်ရှုရပါမယ်ဘုရား)၊ ရှုပေး၊ ခုနင်က အတိုင်းပဲ...။ (မှန်ပါဘုရား)။

**ဒေါသစိတ်ပေါ်ရင် ဖြစ်ပျက်ရှု**

ဒေါသစိတ်ပေါ်လာရင်...(ဖြစ်ပျက်ရှုရပါမယ်ဘုရား)၊ ဥဒ္ဓစ္စကလေးပေါ်လာရင်၊ ပျံ့လွင့်တဲ့ စိတ်ကလေးလာရင်...(ဖြစ်ပျက်ရှုရပါမယ်)၊ ဝိစိကိစ္ဆာဆိုတဲ့ သံသယစိတ်ရှိတဲ့ စိတ်ကလေးပေါ်ရင်...(ဖြစ်ပျက်ရှုရမှာပါဘုရား)။

အဲဒါ မောဟ ဖြစ်ပျက်ရှုတာလို့ မှတ်လိုက်...(မှန်ပါ)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

ဝမ်းထဲက လှုချင်၊ တန်းချင်တဲ့ စိတ်ကလေးဟာလဲ အားထုတ်နေတုန်းမှာ...(ဖြစ်ပျက်ရှုရပါမယ်)၊ ဖြစ်ပျက်က ဘာသစ္စာ...(ဒုက္ခသစ္စာပါဘုရား)။

ရှုတာက...(မဂ္ဂသစ္စာပါဘုရား)၊ သေတာက...(သမုဒယသစ္စာပါဘုရား)၊ နောက် ဝိပါကဝဋ်ကျွတ်တာက...(နိရောဓသစ္စာပါဘုရား)။

သစ္စာလေးပါးချည်း ဟောနေတယ်...။ (မှန်ပါဘုရား)၊ ဒကာကြီးလှိုင် ရိပ်မိပလား...။ (ရိပ်မိပါပြီဘုရား)။

ကဲ...ဒါဖြင့် ဝမ်းထဲမှာ မေတ္တာပို့ချင်တဲ့ စိတ်ကလေးပေါ်လာလဲ ဘာလုပ်ကြမလဲ...(ဖြစ်ပျက်ရှုရပါမယ်ဘုရား)၊ ဖြစ်ပျက်က ဘာသစ္စာ...(ဒုက္ခသစ္စာပါဘုရား)။

ရှုတာက…(မဂ္ဂသစ္စာပါဘုရား)၊ သေတာက… (သမုဒယသစ္စာပါဘုရား)၊ ဒီလိုချည်းလုပ်ပါ…။ (မှန်ပါ)။

နောက် လေကလေးထုတ်တဲ့စိတ်လဲ ဖြစ်ပျက်ရှု၊ လေကလေး ရှိုက်တဲ့စိတ်ကော…(ဖြစ်ပျက်ရှုရပါမယ်ဘုရား)၊ ဖြစ်ပျက်ရှုပေး…။ (မှန်ပါ)။

**နောက်မှရမည့် နိဗ္ဗာန်**

အဲဒီလိုရှုလိုက်တဲ့အခါကျတော့ ဖြစ်ပျက်က ဘာ သစ္စာ…(ဒုက္ခသစ္စာပါ)၊ ရှုတာက…(မဂ္ဂသစ္စာပါ)၊ သေတာ က…(သမုဒယသစ္စာပါဘုရား)။

နောက် အကျိုးမပေးတာက…(နိရောဓသစ္စာပါ ဘုရား)၊ နိရောဓသစ္စာဆိုတာ မသေချာဘူးလား…။ (သေချာ ပါတယ်ဘုရား)။

ဒါက အနာဂတ်နိဗ္ဗာန်၊ နောက်မှရမည့်နိဗ္ဗာန်ကို ပြော လိုက်ပါတယ်…။ (မှန်ပါဘုရား)။

**အခုရမည့် နိဗ္ဗာန်**

အခုရမည့် နိဗ္ဗာန်ပြောချင်တော့ ဒီလို မပြောရဘူး နော်…။ (မှန်ပါ)၊ အခုရမည့် နိဗ္ဗာန်ကတော့ ဒီလိုပါ ဒကာ ဒကာမတို့ ဒါက ပဋိစ္စသမုပ္ပါဒ်နဲ့ တွဲနေတဲ့ နိဗ္ဗာန်ပါ…။ (မှန်ပါ)။

အခုရမည့် နိဗ္ဗာန်ကတော့ အခု ဖြစ်ပျက်ရှုလို့ အခု ဖြစ်ပျက်တွေမှန်းဖို့ အရေးကြီးတယ်...။ (မှန်ပါ)၊ အခု ဖြစ်ပျက်ကို ဒုက္ခသစ္စာဖြစ်ပြီး မလိုချင်ဖို့ အရေးကြီးတယ်...။ (မှန်ပါ)။

မလိုချင်လို့ ဒီဖြစ်ပျက် ဒုက္ခသစ္စာချုပ်သွားလို့ရှိရင် ဒီနေရာ နိဗ္ဗာန်ပေါ်လာတာပါပဲ...။ (မှန်ပါ)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

ဒီနေရာ နိဗ္ဗာန်မပေါ်ဘူးလား...။ (ပေါ်ပါတယ်ဘုရား)၊ ဒါဖြင့် ဖြစ်ပျက်အဆုံးက ဘာသစ္စာ...(နိရောဓသစ္စာပါ)၊ အဆုံးမြင်တာက...(မဂ္ဂသစ္စာပါဘုရား)။

သေသေချာချာလိုက်ပါ၊ နောက်လူတွေ အဆုံးမြင်တာက...(မဂ္ဂသစ္စာပါဘုရား)။ အဆုံးက ဘာသစ္စာတုံး...(နိရောဓသစ္စာပါ)၊ အဆုံးမြင်တာ...(မဂ္ဂသစ္စာပါဘုရား)။

အဆုံးမြင်လို့ အမြင်နဲ့တကွ ပြတ်သွားတာက သမုဒယသစ္စာ...။ (မှန်ပါ)၊ သမုဒယသစ္စာပြတ်တော ဒိဋ္ဌိတို့၊ ဝိစိကိစ္ဆာတို့ပြတ်သွားတယ်...။(မှန်ပါဘုရား)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

အဲဒီ ဒိဋ္ဌိ,ဝိစိကိစ္ဆာရှိနေမှ အပါယ်အကျိုးပေးမှာ...။ (မှန်ပါ)၊ အပါယ်မရောက်တာက "စတူပာယပါယေဟိစ ဝိပ္ပမုတ္တော" ဆိုတဲ့အတိုင်း သောတာပတ္တိမဂ်ဆိုတဲ့ ပထမ

အဆင့် နိဗ္ဗာန်ရတယ်...။ (မှန်ပါဘုရား)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

အဲဒီကဲ့သို့ ဒကာ ဒကာမတွေ စိတ္တာနုပဿနာကို ခင်ဗျားတို့ အစ,ကနေဖြိုင်ဖြိုင်ရှုပေးလို့ရှိရင် ပစ္စုပ္ပန်မှာ ချက်ချင်း နိဗ္ဗာန်လဲရနိုင်ပါတယ်...။ (မှန်ပါ)၊ ဦးဘလေး ရိပ်မိပြီ...။ (ရိပ်မိပါပြီ)၊ မပေါ်သေးဘူးလား...။ (ပေါ်ပါတယ် ဘုရား)။

## ပုဏ္ဏားကြီး ရဟန္တာဖြစ်သွားတယ်

ဒါနဲ့ ဓနဥ္စာနိ ပုဏ္ဏားကြီးကို အဲဒီလို ဟောလိုက်တော့မှ သောတာပန်ကစ,ပြီး သကဒါဂါမ်, အနာဂါမ်, ရဟန္တာ ဖြစ်သွားတယ်...။ (မှန်ပါ)။

ဒဂၢါကြီးလိုင် သစ္စာသွားဟောပစ်လိုက်တယ်...။ (မှန်ပါ)၊ ရိပ်မိကြပလား...။ (ရိပ်မိပါပြီဘုရား)။

နဂိုက ဗြဟ္မာကြီး သွားဖြစ်တာက ဘာဖြစ်လို့ပါလိမ့် မတုံးဆိုတော့ သမထနဲ့ သေသွားလို့...။ (မှန်ပါ)။

ဘုရားက တရားဟောညွှတ်တယ်၊ မင်း သမထနဲ့ သေသွားတော့ သူ့မှာ ဒုက္ခသစ္စာကြီး ရနေတယ်ကွ၊ မင်း တရားဟောညွှတ်တယ်လို့ပြောလို့ တက်ဟောတော့ သစ္စာတွေ မဟောရဘူးလား...။ (ဟောရပါတယ်ဘုရား)။

## ပွားများရင် နိဗ္ဗာန်မရ မရှိလို့ မှတ်ပါ

အဲဒီတော့ အခု ဟောနေတဲ့ ဒုက္ခသစ္စာ, သမုဒယ သစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ မဟုတ်ဘူး၊ ရှုပွားတဲ့သစ္စာ ဟောတာ...။ (မှန်ပါ့)၊ ရိပ်မိကြပလား...။ (ရိပ်မိပါပြီ ဘုရား)။

ဘာပြောနေတာလဲ...(ရှုပွားတဲ့သစ္စာ ဟောပါတယ် ဘုရား)၊ အဲ...ရှုပွားတဲ့၊ အခုမြင်တဲ့ ဒုက္ခသစ္စာ၊ အခုမြင်တဲ့ **မဂ္ဂသစ္စာနော်...။ (မှန်ပါ့)။**

အခု အမြင်ခံရတာက ဒုက္ခသစ္စာ၊ အခုမြင်တာက မဂ္ဂသစ္စာ၊ အခုသေတာက သမုဒယသစ္စာ...။ (မှန်ပါ့)၊ ဒါတွေ ခင်ဗျားတို့ ပွားများလို့ရှိရင်ဖြင့် နိဗ္ဗာန်မရမရှိလို့ မှတ်လိုက်...(မှန်ပါ့)၊ သဘောပါကြပလား...။ (ပါ,ပါပြီ ဘုရား)။

ဒါဖြင့် ဒီဒကာ ဒကာမတွေမှာ, ပါရမီပြည့်စုံပြီးသား မှာ နိဗ္ဗာန်မရနိုင်တဲ့ သုံးချက်ကို ပြန်၍ နိဂုံးချုပ်ပါတယ်...။ (မှန်ပါ့ဘုရား)။

## နိဗ္ဗာန်မရနိုင်သည့် သုံးချက်

တရားအဆုံးမလိုက်လို့လဲ ဘာတဲ့...။ (နိဗ္ဗာန်မရ ပါဘုရား)၊ အေး...ဖြစ်ပျက်မှန်းလို့ ဖြစ်ပျက်မှန်းရုံတွင် ရပ်ပြီး

ဖြစ်ပျက်အဆုံး မလိုက်ခြင်းကြောင့်လဲ နိဗ္ဗာန်ကို မရနိုင်ဘူး...။ (မရနိုင်ပါဘုရား)။

တရားနာရင်းမတ္တနဲ့ မကောင်းတဲ့စိတ်တွေ ဝင်လာလို့လဲ နိဗ္ဗာန်...(မရနိုင်ပါဘုရား)၊ နိဗ္ဗာန်ဆိုတာ အဝေးကြီးလဲ မရနိုင်ဘူး၊ အဲဒီတော့ နတ်ပြည်လောက်ပဲလို့ ကြားစိတ်ဝင်လာလဲ မရနိုင်ဘူး...။ (မှန်ပါ့)၊ ရပါ့မလား...။ (မရပါဘုရား)။

တရားဟောဘုန်းကြီးက လူ့ပြည်,နတ်ပြည်တွင် ဟောထားလို့လဲ နိဗ္ဗာန်ကို...(မရနိုင်ပါဘုရား)၊ သူကလဲ သစ္စာဟောမှ နိဗ္ဗာန်ရနိုင်တယ်...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ဒါဖြင့် တရားနာတဲ့ ပုဂ္ဂိုလ်ဘက်က ဘယ်နှစ်မျိုးတုံး...။ (နှစ်မျိုးပါဘုရား)၊ တရားဟောတဲ့ပုဂ္ဂိုလ်ဘက်က... (တစ်မျိုးပါဘုရား)။

အခုတော့ဖြင့် တရားနာတဲ့ဘက်ကလဲ ခင်ဗျားတို့က သိပြီးသား...(မှန်ပါ့)၊ တရားဟောတဲ့ ဘုန်းကြီးကလဲ သစ္စာဆိုက်အောင်ပဲ တစ်ခါတည်း ဖြစ်ပျက်ရှုခိုင်းနေတယ်...။ (မှန်ပါ့)၊ ဒါ့ကြောင့် မရစရာ, အကြောင်းမညီညွတ်စရာ ရှိသေးသလား...။ (မရှိပါဘုရား)။

အဲဒီတွင် မနေ့ညနီ ပုဏ္ဏားကြီးကို ချွင်းချက်ကလေးနဲ့ ဟောလို့ ဗြဟ္မာဖြစ်တာ ဘုရားအပြစ်တင်ခံရလို့ သစ္စာသွား ဟောတော့မှ ကိစ္စပြီးတယ်ဆိုတာ မောင်နိုင် ရိပ်မိပလား...။ (ရိပ်မိပါပြီဘုရား)၊ ရှင်းကြပလား...။ (ရှင်းပါပြီဘုရား)။

ကဲ...ယနေ့ ဒီတွင် တော်ကြဦးစို့...။

သာဓု...သာဓု...သာဓု...။